**သတင်းထုတ်ပြန်ချက်**

၂၀၂၀ပြည့်နှစ် ၊ မေ ၄ ရက်

# "တစ်ကမ္ဘာလုံး အွန်လိုင်းသုံးရှေ့ဆက်နေကြချိန်တွင် မိမိကုမ္ပဏီဝဘ်ဆိုဒ်ကို ပြုပြင်ရန်တစ်ချက်ကြည့်ပါ "

မြန်မာနိုင်ငံရှိကုမ္ပဏီများ၏ ပွင့်လင်းမြင်သာမှုကို အကဲဖြတ်သည့် ပွင့်သစ်စအစီရင်ခံစာအတွက် ကုမ္ပဏီများ၏ ပွင့်လင်း မြင်သာမှုအခြေအနေ ရမှတ်မူကြမ်းကို ထုတ်ပြန်လိုက်သည်။ ၂၀၂၀ပြည့်နှစ်အစီရင်ခံစာတွင် ကုမ္ပဏီများ ၂၇၇ခု ပါဝင်ပြီး ၎င်းတို့ရမှတ်မူကြမ်းများကို အီးမေးလ်ဖြင့် ပေးပို့ထားရာ ကုမ္ပဏီများက ၎င်းတို့အခြေအနေကို ပြန်လည်သုံးသပ်နိုင်ပြီ ဖြစ်သည်။

အစီရင်စာကို ၂၀၂၀ နှစ်ကုန်တွင် ထုတ်ပြန်မည်ဖြစ်ပြီး ကုမ္ပဏီများကငင်းတို့၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု၊ ရေရှည်တည်တံ့ ခိုင်မြဲရေးတို့တွင် ပိုမိုတိုးတက်ကောင်းမွန်အောင် ပြုလုပ်ရန်နှင့်ဝဘ်ဆိုဒ်တွင် တင်ပြမှုများပိုမိုပြုလုပ်နိုင်ရန်အတွက် အချိန် သုံးလခန့်အချိန်ထပ်မံရရှိဦးမည် ဖြစ်သည်။

ပထမအကြိမ်အကဲဖြတ်ခြင်းအရ ကုမ္ပဏီ(၂၇၇)ခုအနက် ကုမ္ပဏီ **(**၁၆၁)ခု **(**၅၈ရာခိုင်နှုန်း**)** က အလုပ်ဖြစ်သော ဝဘ်ဆိုဒ်များ ရှိနေသည်။ **(**၂၀၁၉ခုနှစ်က ၅၆ရာခိုင်နှုန်း**)**။ ကုမ္ပဏီအားလုံး၏ပျမ်းမျှရမှတ်မှာ ၂၀၁၉အစီရင်ခံစာနှင့် တန်းတူ ၅**%** ရရှိပြီး ကုမ္ပဏီ ၃၀ ခန့်ကသာ ၎င်းတို့၏ ဝဘ်ဆိုဒ်များကို တိုးတက်အောင်ပြုလုပ်ထားသည်ကို တွေ့ရသည်။ ကုမ္ပဏီအမျိုးအစား တစ်ခုချင်းစီ အလိုက် ပျမ်းမျှရမှတ်များမှာ-

| | ကုမ္ပဏီအရေအတွက် | ပျမ်းမျှရလဒ် (ကွင်းအတွင်းတွင် ၂၀၁၉ခုနှစ်ရမှတ်များကို ဖော်ပြထား) |
|---|---|---|
| ထိပ်တန်း ကုမ္ပဏီ | ၁၀ | **၄၇% (၅၀%)** |
| YSX စာရင်းဝင် အများပိုင်ကုမ္ပဏီများ | ၆ | **၂၉% (၃၂%)** |
| ဘဏ္ဍာရေးအဖွဲ့အစည်းများ [1] | ၃၆ | **၈% (၁၁%)** |
| ပုဂ္ဂလိကပိုင်ကုမ္ပဏီများ | ၁၈၂ | **၄% (၄%)** |

[1] ဘဏ္ဍာရေးအဖွဲ့အစည်းများမှာ YSX စာရင်းဝင် ၊အများပိုင်၊ အစိုးရပိုင်နှင့် ပုဂ္ဂလိကပိုင် စာရင်းများတွင်ပါဝင်ပြီး ဖြစ်သည်။ ထင်ရှားစွာမြင်သာနိုင်ရန် စာရင်းသီးသန့်ခွဲ ထုတ်ထားဖော်ပြထားခြင်းဖြစ်သည်။

| | | |
|---|---|---|
| အများပိုင်ကုမ္ပဏီများ | ၆၆ | **၃% (၃%)** |
| အစိုးရပိုင်လုပ်ငန်းများ | ၂၃ | **၂%(၃%)** |

(MCRB)၏ ဒါရိုက်တာ ဗစ်ကီဘိုမန်က *"ဆက်သွယ်စရာ လိပ်စာ၊အီးမေးလ်အပြည့်အစုံရှိတဲ့ ကုမ္ပဏီတွေကို သူတို့ရဲ့ရမှတ်တွေ ပို့ပေးပြီးပါပြီ။နောက်ဆုံးအကဲဖြတ်မှု မတိုင်ခင်မှာ ဩဂုတ် ၃၁ရက်နောက်ဆုံးထားပြီး သူတို့ရဲ့ ထုတ်ဖော်တင်ပြမှုတွေ များပြားလာတာ ရမှတ်တွေ တိုးတက်လာတာတွေ ဖြစ်စေချင်ပါတယ်။ ဒါကြောင့်လဲ အရင်နှစ်တွေလိုပဲ ကုမ္ပဏီတစ်ခုချင်းစီနဲ့ တွေ့ဆုံဆွေးနွေးအကြံပေး၊မှတ်ချက်ပေးဖို့ ရှိနေပါတယ်။"* ဟု ပြောသည်။

Yeverမှ Nicolas Delange က *"အခုက ကိုဗစ်-၁၉ ဖြစ်နေတဲ့ကာလဖြစ်လို့ မေလ ၁၄ရက်မှာ ကုမ္ပဏီတွေကို အွန်လိုင်းကတဆင့်ပဲ အစည်းအဝေးလုပ်သွားပါမယ်။ ပထမအကြိမ်အကဲဖြတ်ရာက ရလာတဲ့ ရလဒ်တွေကို အခြေခံပြီး အလေ့အကျင့်ကောင်းနမူနာတွေကို တင်ပြမယ်။ အမေးအဖြေတွေလုပ်မယ်။ ကိုဗစ်ကို ထည့်သွင်းစဉ်းစားပြီးတော့ စစ်ဆေးမှုကာလကို အချိန်တစ်လတိုးပေးထားပါတယ်။ အခုတကမ္ဘာလုံးက အွန်လိုင်းစနစ်ပဲ သွားနေရတယ်။ ဝန်ထမ်းတွေက အိမ်ကပဲ အလုပ်လုပ်နေရတယ်။အခုအချိန်က သင့်ကုမ္ပဏီ ဝဘ်ဆိုဒ်အတွက် ဘာလုပ်သင့်လဲ ဘာတွေတိုးမြှင့်ပြင်ဆင်သင့်လဲ စဉ်းစားဖို့ အချိန်ကောင်းပါပဲ။"*ဟု ဆိုသည်။

**<u>နောက်ခံသမိုင်း</u>**

၁။ မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန(MCRB)သည် *ပွင့်သစ်စအစီရင်ခံစာ*ဟု လူသိများသည့် မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှုအစီရင်ခံစာအတွက် သုတေသနလုပ်ငန်းများကို စီးပွားရေးအတိုင်ပင်ခံလုပ်ငန်းတစ်ခုဖြစ်သည့်(Yever)နှင့်တွဲဖက်ပြီးလုပ်ကိုင်ခဲ့သည်။ရည်ရွယ်ချက်မှာမြန်မာကုမ္ပဏီများအနေဖြင့် အင်တာနက်မှ တဆင့်ပွင့်လင်းမြင်သာမှုတိုးမြှင့်လာစေရန်အတွက် တိုက်တွန်းအားပေးခြင်းဖြစ်သည်။ Yeverသည် ကုမ္ပဏီများ၏အွန်လိုင်းမှထုတ်ဖော်မှုများကို ပွင့်သစ်စအစီရင်ခံစာအတွက် စစ်ဆေးအကဲဖြတ်ရာတွင် *အခကြေးငွေမယူဘဲ* ပူးပေါင်းဆောင်ရွက်ပေးခဲ့သည်မှာ သုံးနှစ်ရှိပြီ ဖြစ်သည်။ နောက်ဆုံးအစီရင်ခံစာကို ဧပြီ ၂၀၁၉က ထုတ်ပြန်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်အစီရင်ခံစာအတွက် သုတေသနကို ဇန်နဝါရီလက စတင်ခဲ့သည်။

၂။ ရမှတ်မူကြမ်းများကို မြန်မာနှစ်ကူးသင်္ကြန်အပြီးတွင် ပေးပို့ထားပြီးဖြစ်သည်။ ကုမ္ပဏီများ၏ ကော်ပိုရိတ်ထုတ်ဖော်တင်ပြမှုများကို ပိုမိုအားဖြည့်လုပ်ဆောင်နိုင်စေရန်အတွက်ဝဘ်ဆိုဒ်များပြင်ဆင်ရန် အချိန်ပေးထားရာ နောက်ဆုံးရက်မှာ ဩဂုတ်**(၃၁)** ရက်ဖြစ်သည်။ အစီရင်ခံစာကို ၂၀၂၀ နှစ်ကုန် နိုဝင်ဘာ**(သို့)** ဒီဇင်ဘာလတွင် ထုတ်ပြန်မည် ဖြစ်သည်။

၃။ ၂၀၂၀ပြည့်နှစ်အစီရင်ခံစာသည် ၂၀၁၉အစီရင်ခံစာကဲ့သို့ပင် အောက်ပါအချက်အလက်လေးမျိုးကို အကဲဖြတ်ပါသည်။

- ကော်ပိုရိတ်အကြောင်းအရာ
- ကော်ပိုရိတ်စီမံအုပ်ချုပ်ပုံ
- ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ စီမံခန့်ခွဲမှု နှင့်
- အစီရင်ခံခြင်း

၄။ ၂၀၂၀အစီရင်ခံစာသည် ၂၀၁၉တွင် အသုံးပြုသည့်အချက်များနှင့် များစွာတူညီသည် ဆိုသော်လည်း (အများပိုင်ကုမ္ပဏီများအစရှိသဖြင့်) အခြားသူများကမဖြစ်မနေလိုက်နာရမည့်အချက်များကို စည်းမျဉ်းညွှန်ကြားချက်များ မရှိသော်လည်း လိုက်နာဆောင်ရွက်ထားသည့် ပုဂ္ဂလိကပိုင်ကုမ္ပဏီများကို အပိုရမှတ်များ (bonus) များ ပေးထားပါသည်။ ထို့အပြင် အဓိပ္ပယ်ရှိသော ကော်ပိုရိတ်မူဝါဒများရှိပြီး ၎င်းအတိုင်းအကောင်အထည်ဖော် ကြောင်း အစီရင်ခံထားသော (reporting) အချက်များအပေါ် ပေးမှတ်များတွင် အလေးပိုထားပါသည်။ ယခုနှစ်တွင် ကော်ပိုရိတ်လူ့ဒါန်းမှုများနှင့်ပတ်သက်ပြီးလည်း အမှတ်ပေးထားပါသည်။

၅။ ပြီးခဲ့သောနှစ်များမှ အစီရင်ခံစာများနှင့် ၂၀၂၀တွင် အကဲဖြတ်မည့်ကုမ္ပဏီများစာရင်းကို www.myanmar-responsiblebusiness.org/pwint-thit-sa/2020.htmlတွင်ရယူနိုင်ပါသည်။

၆။ မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန(MCRB)အကြောင်းပိုမိုသိရှိလိုပါက www.mcrb.org.mmတွင်လေ့လာနိုင်ပြီး၊ Yever အကြောင်းပိုမိုသိရှိလိုပါကwww.yever.org တွင်လေ့ လာနိုင်ပါသည်။

---


သတင်းအချက်အလက်များပိုမိုရယူလိုပါက:

ဒေါ်ဖြူဖြူဇင် ၊ သတင်းနှင့်ပြန်ကြားရေးအရာရှိ ၊ မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန

09799667713 သို့မဟုတ် phyuphyu.zin@myanmar-responsiblebusiness.org သို့မဟုတ်

Maddy သို့မဟုတ် Nicolas Delange

transparency@yever.org သို့ဆက်သွယ်နိုင်ပါသည်။